၁ ၉ ၉ ၁ ခု နှစ် တွင် တည် ထောင် သည်။

# မြို့တော်သတင်း

The CITY NEWS

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်၊ စနေနေ့။ အတွဲ (၃၄)၊ အမှတ် (၁၄၅) SAT, 12 April, 2025

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)**

## ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ



ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း လိုအပ်သည်များ မှာကြားစဉ်။

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဆက်စပ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနယ်ပယ် ပုဂ္ဂလိက အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

အစည်းအဝေးတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် ယခုနှစ်တွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် ရှင်းလင်းသုံးသပ်ဆွေးနွေးခဲ့ပြီး ယခုနှစ်ခရီးသွားရာသီအတွက် ကြိုတင်မျှော်မှန်းဆောင်ရွက်ထားကြရမည့် အခြေအနေများနှင့် **စာ - ၅ သို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် မြို့တော်သတင်း နားပါမည်**

**ရန်ကုန် ဧပြီ ၁၂**

မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက် ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်များတွင် မြို့တော်သတင်း နားပါမည်။

(မြို့တော်သတင်း)

## အင်းလျားကန်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀ ကို အင်းလျားကန်အတွင်းသို့ ဇီဝိတဒါနလွှတ်ပေးစဉ်။

**ရန်ကုန် ဧပြီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့ နံနက်ပိုင်းက အမှတ်(၉)ရပ်ကွက်၊ အင်းလျားကန်တွင် ဆောင်ရွက်သည်။

ဇီဝိတဒါန ငါးလွှတ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ငါးမြစ်ချင်း၊ ရွှေဝါ ငါးကြင်းကောင်ရေ ၅၀၀၀ ကို အင်းလျားကန်အတွင်းသို့ လွှတ်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဧပြီ ၈ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး **စာ - ၅ သို့**

## မြို့တော်သတင်း အယ်ဒီတာ့အာဘော်

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်

၁၂ - ၄ - ၂၀၂၅

# နှစ်ကူးချိန်ခါ ကောင်းခြင်းအဖြာဖြာ

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်သည်။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီး၊ ဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့်တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်သည်။

နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိသည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း၌ ပါဝင်ခဲ့ရာ ယခုနှစ်သင်္ကြန်ကို ရိုးရာအစဉ်အလာမပျက် ထူးထူးခြားခြား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နိုင်ငံနှင့်ပြည်သူများ ထိခိုက်ပျက်စီးဆုံးရှုံးမှု ပမာဏကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး ဝမ်းနည်းဖွယ်ကာလတစ်ရပ်ကို ဖြတ်သန်းခဲ့ကြရသည်။ မန္တလေးမြေငလျင်ကြီး ဘေးဒဏ်သင့်ဒေသမှာ ကြီးမားကျယ်ပြန့်ပြီး မြို့ရွာအများအပြားမှာ ဘေးအန္တရာယ်ကို ခံစားခဲ့ကြရသည့်အလျောက် အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင်ရေး၊ အသစ်ပြန်လည်တည်ဆောက်ရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုနှစ်သင်္ကြန်သည် အတီးအမှုတ်၊ အကအခုန်၊ အပျော်အပါးတို့ လွှမ်းသော သင်္ကြန်ပုံရိပ်များကို ဖယ်ရှား၍ မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ယဉ်ကျေးသိမ်မွေ့သည့် သင်္ကြန်၊ အေးချမ်းသာယာသည့် အေးသင်္ကြန်အဖြစ် နှစ်သစ်အတာကူးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် ပြည်သူအားလုံး၏ ဆန္ဒအစစ်အမှန်ဖြစ်ရာ အေးသင်္ကြန်အဖြစ် နှစ်သစ်အတာကူးသည့် နိမိတ်ဖြင့် ငြိမ်းချမ်းသာယာသော၊ မင်္ဂလာရှိသော နှစ်သစ်အဖြစ် ကောင်းခြင်း အဖြာဖြာလွှမ်းခြုံနိုင်စေကြောင်း။ ။

# အလုံမြို့နယ် အပတ်စဉ်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၂**

အလုံမြို့နယ်၌ သန့်ရှင်းသာယာလှပစေရေး၊ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် အပတ်စဉ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက ကရင်ခြံရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကရင်ခြံဝင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်မြို့နယ်စည်ပင်သာယာတို့ဦးဆောင်မှုဖြင့် ကျောင်းသန့်ရှင်းသာယာလှပစေပြီး ဥပမိရုပ်ကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့်တွဲဖက်ဌာနများ၊ မြို့နယ်ဌာနဆိုင်ရာများက ဝန်ထမ်းအင်အား (၄၅)ဦးခန့်သည် ကျောင်းဝန်းအတွင်းရှိ အမှိုက်များလှည်းခြင်း၊သစ်ပင်၊ မြက်ပင်နှင့်ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်များရှင်းလင်းခြင်း ၊ရေစီးရေလာကောင်းမွန်ရေးစသည့် လုပ်ငန်းများဆောင်ရွက်သည်။

ထို့အပြင် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး/သွန်/လဲ/စစ်သရုပ်ပြခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့်ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်နှင့် ပိုစတာများပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။

**ယောရော (မြို့နယ်ပြန်/ဆက်)**



# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် စနေနေ့(အထူး) သန့်ရှင်းရေး ဆောင်ရွက်



**ရန်ကုန် ဧပြီ ၁၂**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး (မြောက်ပိုင်း) ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အ-မ-က(၂)ကျောင်းတွင် ယနေ့နံနက် ၆ နာရီခွဲက စနေနေ့(အထူး) သန့်ရှင်းရေးဆောင်ရွက်ကြသည်။

ကျောင်းဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များရှင်းလင်းခြင်း၊ ကျောင်းအမိုးပေါ်မှ သစ်ရွက်ကြွေများရှင်းလင်းခြင်း၊ သစ်ကိုင်းများခုတ်ထွင်ခြင်း၊ အလင်းဖွင့်ခြင်း၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊သွန်၊လဲ၊ စစ်ဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ လက်ကမ်းစာစောင်ပေးဝေခြင်းတို့အား ဆောင်ရွက်ကြသည်။

အဆိုပါဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူ့ကျန်းမာရေးဌာန၊ ဌာနမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့်တွဲဖက်ဌာနများက စုပေါင်းအင်အား ၇၀ ဦးဖြင့် ဆောင်ရွက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၂**

တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရန် ယနေ့နံနက် ၇ နာရီက အမှတ်(၁၃) ရပ်ကွက်၊ အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခြင်ပေါက်ပွားမှု များပြားနိုင်သည့်အတွက် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ရေတင်ကျန်နိုင်သော ကားတာယာဟောင်းများ၊ ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများကို ဖုံး၊ သွန်၊လဲ၊စစ်လုပ်ငန်းများဆောင်ရွက်ပြီး ရေတိုင်ကီနှင့်ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးကြပ်၍ မြို့နယ်စည်ပင်သာယာ ပြည်သူ့ကျန်းမာရေးဌာနမှဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ ပြည်သူ့ကျန်းမာရေးဌာနဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။



**ခင်ဆွေနှင်း(ပြန်/ဆက်)**

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ


## မြို့တော်သတင်း

| | | | | | |
|---|---|---|---|---|---|
| **ထုတ်ဝေသူ** | - ဦးဇော်မင်းအောင် ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) **မြ (၀၀၆၉၉)** | **အယ်ဒီတာချုပ်** | - မြတ်စိုး (လှိုင်) | **သတင်းထောက်ချုပ်** | - စောသိန်းဝင်း(မြို့တော်သတင်း) |
| | | **တာဝန်ခံအယ်ဒီတာ** | - မောင်မောင်လွင် | **အကြီးတန်းသတင်းထောက်** | - အောင်မြင့်ဌေး၊ မိုးဝေ |
| | | **အယ်ဒီတာများ** | - ထားထားဝင်းနှင့်အဖွဲ့ | **အငယ်တန်းသတင်းထောက်** | - ရဲနန္ဒာလင်းမြင့်၊ မိုးမြင့်မောင်၊ သွင်မောင်မောင်၊ |
| **အမှုဆောင်အရာရှိ** | - ဦးစောလှဦး ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) | **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** | - မြင့်ဦးဆွေနှင့်အဖွဲ့ | | |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဝါဝါပွင့်နှင့်အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - ရွှေဝင်း၊ စောလှိုင်ဝင်း၊ ကျော်သူထက် |

**ပုံနှိပ်**- သိန်းဦးနှင့်အဖွဲ့၊ **ဖြန့်ချိရေး**- ကျော်စိုးသူနှင့်အဖွဲ့၊ **မြို့တော်ပုံနှိပ်တိုက် (မြ) ၀၀၅၈၃**

**မြို့တော်သတင်းစာတိုက်၊ ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြို့တော်သတင်းစာ တယ်လီဖုန်းအမှတ် ၀၁ - ၇၅၀၃၆၂၆, yangoncitynews@gmail.com**



# ပဲခူးတိုင်းဒေသကြီး (YMBA)အသင်း လျှောင်ဘေးဒဏ်သင့်ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၁၂**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ပဲခူးတိုင်းဒေသကြီးက မေ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးသို့သွားရောက်၍ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

အလှူငွေပေးအပ်လှူဒါန်းရာတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးလှတင်ဦးနှင့်အသင်းဝင်များက ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးအောင်သောင်းထိုက် ထံပေးအပ်လှူဒါန်းခဲ့ရာ ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က ပဲခူးတိုင်းဒေသကြီး ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) သို့ အလှူငွေ ၁၀ သိန်းကျပ် လှူဒါန်းပေးသည့်အပြင် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) တိုင်းဒုတိယဥက္ကဋ္ဌ(၂) ဦးဆောင်ပြီး ကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ အလှူပစ္စည်းများကိုလည်း ဆက်လက်လှူဒါန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မဟာသင်္ကြန်ကာလအတွင်း ဒလ – ပန်းဆိုးတန်း ချယ်ရီကူးတို့သင်္ဘောများ ခေါက်ရေလျှော့ ပြေးဆွဲမည်

**ရန်ကုန် မေ ၁၂**

၁၃၈၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ဒလမြို့မှ ရန်ကုန်မြို့ပန်းဆိုးတန်းသို့ ခရီးသည်ပို့ဆောင်သည့် ချယ်ရီကူးတို့သင်္ဘောများခေါက်ရေလျှော့ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ကာလဖြစ်သည့် မေပြီ ၁၃ ရက်မှ ၁၇ ရက်အတွင်း ဒလမြို့မှ ရန်ကုန်မြို့ ပန်းဆိုးတန်းသို့ ခရီးသည်ပို့ဆောင်ပြေးဆွဲနေသည့် ချယ်ရီကူးတို့ သင်္ဘောခေါက်ရေကို မူလပြေးဆွဲသည့် ကူးတို့ခေါက်ရေလျှော့ကာ သင်္ဘောခေါက်ရေ ၂၀ (အသွား/အပြန် ၂၀)ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ချယ်ရီကူးတို့သင်္ဘောများ စတင်ထွက်ခွာချိန်နှင့် နောက်ဆုံးကူးတို့သင်္ဘောထွက်ချိန်များကိုလည်း ခရီးသွားပြည်သူများသိရှိစေရန် ဒလမြို့လက်မှတ်ရုံ ခရီးသည်နားနေဆောင်နှင့် ပန်းဆိုးတန်းလက်မှတ်ရုံခရီးသည်နားနေဆောင်တို့တွင် အသိပေးဗီနိုင်းကြေညာချက်များကပ်ပေးထားသည်။



"မဟာသင်္ကြန်ကာလမှာချယ်ရီကူးတို့သင်္ဘောခေါက်ရေကို လျှော့ချပြေးဆွဲသွားမှာပါ။ ကူးတို့သင်္ဘောထွက်ခွာချိန်တွေကတော့ ဒလမြို့ဘက်ကနေ မနက် ၆ နာရီစတင်ထွက်ခွာပြီး ဒလမြို့ကနေ နောက်ဆုံးကူးတို့သင်္ဘောထွက်ချိန်က ညနေ ၆ နာရီခွဲပါ။ ရန်ကုန်မြို့ပန်းဆိုးတန်းကနေ မနက် ၆ နာရီခွဲ စတင်ထွက်ခွာမှာဖြစ်ပြီး ပန်းဆိုးတန်းကနေ နောက်ဆုံးထွက်ခွာချိန်က ည၇ နာရီဖြစ်ပါတယ်။ မဟာသင်္ကြန်ကာလဖြစ်တဲ့ ဧပြီ ၁၃ ရက်ကနေ ၁၇ ရက်အထိ ကူးတို့သင်္ဘောခေါက်ရေကို လျှော့ချပြေးဆွဲမှာဖြစ်လို့ ခရီးသွားပြည်သူတွေ ကြိုတင်သိရှိအောင် အသိပေးကြေငြာဆိုင်းဘုတ်တွေကပ်ပေးထားပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မင်းရဲမာန်**

**တို့အိမ်၊ တို့လမ်း၊ တို့နေထိုင်ရာ အမြဲသန့်ရှင်းစေရေး ပူးပေါင်းမနေး**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဒလမြို့နယ်၌ နွေရာသီအခြေခံပန်းချီ ရေးဆွဲနည်းသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာ Grammar သင်တန်းဆင်း ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၂**

ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနၢ ဖွင့်လှစ်သော နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့်အခြေခံအင်္ဂလိပ်စာ Grammar သင်တန်းဆင်းပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန (Community Center)တွင်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်မှ သင်တန်းဆင်းမုဒိတာစကားပြောကြားပြီး ပန်းချီပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင်ဆုရရှိကြသောကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး သင်တန်းဆရာ၊ ဆရာမများကို ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သီတာဝင်းက ကျေးဇူးတင်စကားပြောကြားသည်။



အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၈၀ ဦး တက်ရောက်ကြသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



# ဗိုလ်တထောင်မြို့နယ် အောင်မြင်ခြင်းရဲ့အုတ်မြစ်စာအုပ်ဖြင့် Book Club စာဖတ်ဝိုင်း ပြုလုပ်


**ရန်ကုန် မေ ၁၂**

ဗိုလ်တထောင်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် မေပြီ ၉ ရက်က ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် အောင်မြင်ခြင်းရဲ့အုတ်မြစ်စာအုပ်ဖြင့် Book Club စာဖတ်ဝိုင်းပြုလုပ်သည်။

အဆိုပါ Book Club စာဖတ်ဝိုင်းတွင် ဦးထွန်းသက် Book Club(အဖွဲ့ဝင်)က ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် "ပညာရိပ်မှာ ငါတော့ခိုခွင့်ရပေပြီ" စာအုပ်ပါအကြောင်းအရာများကို ဖတ်ကြားဆွေးနွေးရာ စာရေးဆရာမပွင့်စန္ဒီ (မရမ်းကုန်းစာရေးဆရာအသင်း)က စာအုပ်ပါအကြောင်းအရာများကို ဖတ်ကြားဆွေးနွေးသည်။

အဆိုပါစာဖတ်ဝိုင်းသို့ ဗိုလ်တထောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ Book Club အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော စာရေးဆရာ၊ ဆရာမများ တက်ရောက်သည်။

**မေမြတ်(ပြန်/ဆက်)**



**သန်လျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များငှားခြင်းကို မေပြီ ၁၀ ရက်က မြို့မတောင်ရပ်ကွက်နှင့် အမှုထမ်းရပ်ကွက်တို့၌ ဆောင်ရွက်ကြစဉ်။**

**မြိုးသီဟ(ခရိုင် ပြန်/ဆက်)**

မြို့တော်သတင်း The CITY NEWS



# ငလျင်ဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဧပြီ ၁၂**

၂၈.၃.၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဒဏ်ဘေးသင့် ဒေသများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ် BNS SOMUDRA AVIJAN (F-29) သည် ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူး General Md Aftab Hossain နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Dr Md Monwar Hossain နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှစစ်ရေယာဉ်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများမှာ စားသောက်ဖွယ်ရာများ၊ ရွက်ဖျင်တဲ၊ အဝတ်အစား၊ သောက်ရေသန့်၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ဆေးဝါးများ စသည်တို့ပါဝင်ပြီး စုစုပေါင်းတန်ချိန် ၁၂၀ တန်ခန့်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ်ဖြင့်ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နွေနှင့် အရန်တပ်ဖွဲ့ဝင်များနှင့် ကျောက်တန်းမြို့နယ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**




**ရောက်ရှိလာသည့်ပစ္စည်းများနှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။**





**ရောက်ရှိလာသည့်ပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုနေစဉ်။**







**ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နွေနှင့်အရန်တပ်ဖွဲ့ဝင်များနှင့် ကျောက်တန်းမြို့နယ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်စဉ်။**




ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (သတင်း - စာမျက်နှာ ၄ မှ)




မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (သတင်း - စာမျက်နှာ ၄ မှ)



ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နေနှင့်အရန်တပ်ဖွဲ့ဝင်များနှင့် ကျောက်တန်းမြို့နယ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့တင်ဆောင်စဉ်။ (သတင်း - စာမျက်နှာ ၄ မှ)

**(စာ - ၁) ရန်ကုန်တိုင်းဒေသကြီးဒေသဆိုင်ရာမှ**

ပတ်သက်၍ ကော်မတီအဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးပေးကြရန် အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်လုပ်ငန်းလိုင်စင် အသစ်လေးခုနှင့် သက်တမ်းတိုး ၆၅ ခု၊ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် သက်တမ်းတိုး ၁၉ ခု၊ တည်းခိုဆောင် Hostel လုပ်ငန်းလိုင်စင် အသစ်နှစ်ခု၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် (ပြည်တွင်း/ပြည်ဝင်) အသစ် ၈၂ ခုနှင့် သက်တမ်းတိုး ၁၉၇ ခု၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် (ပြည်ပ) အသစ် ၄၉ ခုနှင့် သက်တမ်းတိုး ၅၇ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်အသစ် လေးခုနှင့် သက်တမ်းတိုး ၁၈၀ ခု၊ ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှု အသိအမှတ်ပြုလက်မှတ် ၁၀ ခုတို့ကို ခွင့်ပြုပေးခဲ့ရာ ဟိုတယ်လုပ်ငန်းကဏ္ဍအတွင်း အသစ်ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်းပေါင်း ၃,၇၇၀ ကျော်ရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများ၏ ဝန်ဆောင်မှုအဆင့်အတန်း အစဉ်ကောင်းမွန်နေစေရေးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း နယ်ပယ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် သင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ တက်ရောက်လာသူများက အသီးသီးဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ လမ်းညွှန်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

**(စာ-၁)အင်းလျားကန်အတွင်းမှ**

များနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး စုစုပေါင်းကောင်ရေ ၅၀၀၀ ကို ဗဟန်းမြို့နယ်၊ ကန်တော်ကြီး သဘာဝဥယျာဉ်ကန်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း၊ ဧပြီ ၉ ရက်ကလည်း ရောင်စုံငါးကြင်းကောင်ရေ ၅၀၀၀ ကို ဗဟန်းမြို့နယ်၊ရွှေတိဂုံစေတီတော်၊ အနောက်ဘက်မုခ်၊ ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း၊ ဧပြီ ၁၀ ရက်တွင်လည်း ရောင်စုံငါးကြင်း စုစုပေါင်းကောင်ရေ ၅၀၀၀ ကို ဗဟန်းမြို့နယ်၊ မဟာဝိဇယစေတီတော် ကန်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်းနှင့် ဧပြီ ၁၁ ရက်နေ့တွင်လည်း ငါးကြင်းကောင်ရေ ၁၃၀ နှင့် ငါးကျည်းကောင်ရေ ၂၀၀၀၀ စုစုပေါင်းကောင်ရေ ၂၀၁၃၀ ကို မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီတော်၊ မင်္ဂလာကန်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ယနေ့ဈေးကွက်ပေါက်ဈေး

**ရန်ကုန် ဧပြီ ၁၂**

## ၁၁.၄.၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅,၆၂၀,၀၀၀** ဖြစ်သည်။

**ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၇ | ၂၉၆၈ |
| 95 Ron | ၂၉၃၆ | ၃၀၂၈ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၀၃ |
| HSD (50 ppm) | ၃၀၂၅ | ၃၁၁၅ |
| HSD (10 ppm) | ၃၀၂၅ | ၃၁၁၅ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ဆန် (အိတ်)ဆန်ကုန်စည်ဒိုင်ဈေး**

ငစိန် ကျပ် ၇၁၀၀၀ - ၇၂၅၀၀ - ၇၃၀၀၀
ဧည့်မထ ကျပ် ၇၁၀၀၀ - ၇၂၀၀၀- ၇၃၀၀၀
ပေါ်ကျွဲ ကျပ် ၁၀၀၀၀၀ - ၁၀၂၀၀၀- ၁၀၃၀၀၀
ပေါ်ဆန်း ကျပ် ၁၄၀၀၀၀ - ၁၄၅၀၀၀ - ၁၅၀၀၀၀

**ဆီ(ပိဿာချိန်)**

စားအုန်းဆီ(လက်ကား) ကျပ် ၆၇၇၀ - ၇၂၀၀
စားအုန်းဆီ(လက်လီ) ကျပ် ၇၀၁၀ - ၇၅၀၀
ပဲဆီ(လက်ကား/လက်လီ) ကျပ် ၁၃၀၀၀ - ၁၆၀၀၀ - ၂၂၀၀၀
နှမ်းဆီ(လက်ကား/လက်လီ)ကျပ် ၁၇၀၀၀-၂၀၀၀၀

**အသား(ပိဿာချိန်)**

အမဲသား(ဒိုင်ဈေး) ကျပ် ၂၂၀၀၀
(လက်လီဈေး) ကျပ် ၂၀၀၀၀ -၂၅၀၀၀ - ၂၈၀၀၀
ဝက်သား(ဒိုင်ဈေး) ကျပ် ၂၅၅၀၀
(လက်လီဈေး) ကျပ် ၃၀၀၀၀ - ၃၅၀၀၀
ဆိတ်သား (ဒိုင်ဈေး) ကျပ် ၂၅၀၀၀
(လက်လီဈေး) ကျပ် ၃၀၀၀၀ -၃၈၀၀၀ - ၄၀၀၀၀

**ကြက်/ဘဲ(ပိဿာချိန်)**

မွေးမြူရေးကြက်(ဒိုင်ဈေး) ကျပ် ၁၂၅၀၀ - ၁၄၅၀၀
(လက်လီဈေး) ကျပ် ၁၆၀၀၀ - ၂၀၀၀၀
ဒေသကြက်(ဒိုင်ဈေး) ကျပ် ၁၅၀၀၀ - ၂၅၀၀၀
(လက်လီဈေး) ကျပ် ၂၄၀၀၀ -၂၇၀၀၀ - ၃၀၀၀၀
ဘဲ(ဒိုင်ဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀
ဘဲ(လက်လီဈေး) ကျပ် ၁၀၀၀၀ -၁၂၀၀၀ - ၁၅၀၀၀

**ကြက်ဥ/ဘဲဥ(လုံးရေ)- ရောဝတီတိုင်းမှဝင်**

ကြက်ဥ(ဒိုင်ဈေး) ကျပ် ၃၅၅
ဘဲဥ ( ဒိုင်ဈေး) ကျပ် ၄၀၀
ကြက်ဥ(လက်လီဈေး) ကျပ် ၃၅၅ - ၃၆၀ - ၃၆၅
ဘဲဥ(လက်လီဈေး) ကျပ် ၄၅၀ - ၅၀၀

**ငါး (ရေချိုရေငန်ပိဿာချိန်)**

ငါးမြစ်ချင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၇၅၀၀ - ၈၅၀၀
(လက်လီဈေး) ကျပ် ၈၀၀၀ - ၁၀၀၀၀ - ၁၂၀၀၀
ငါးကြင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၁၁၀၀၀ - ၁၃၀၀၀
(လက်လီဈေး) ကျပ် ၁၀၀၀၀ - ၁၃၀၀၀ -၁၈၀၀၀
ငါးတန် (မြစ်) (ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၉၀၀၀ -၁၇၀၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၂၀၀၀၀
ငါးတန် မွေးမြူရေး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၆၀၀၀
(လက်လီဈေး) ကျပ် ၅၀၀၀ -၁၀၀၀၀
ငါးခူ/ငါးကျည်း (ဒိုင်ဈေး) ကျပ် ၁၃၀၀၀ - ၁၈၀၀၀ - ၂၀၀၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀
ငါးသလောက်(ဒိုင်ဈေး)ကျပ် ၁၂၀၀၀ - ၂၀၀၀၀ - ၂၇၀၀၀
(လက်လီဈေး) ကျပ် ၁၈၀၀၀ - ၂၅၀၀၀ - ၂၈၀၀၀
ငါးရံ့(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၁၆၀၀၀ - ၁၈၀၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀
ပင်လယ်ငါး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၇၅၀၀ - ၁၀၀၀၀
(လက်လီဈေး) ကျပ် ၇၀၀၀ - ၈၀၀၀ - ၁၀၀၀၀
ရွှေငါး ကျပ် ၄၅၀၀ - ၅၅၀၀
ပလာတူး ကျပ် ၅၀၀၀ - ၇၀၀၀
ပုစွန်ကျော့(ဒိုင်ဈေး) ကျပ် ၁၁၀၀၀ - ၁၅၀၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ - ၂၀၀၀၀

**ကုန်ခြောက်(တစ်ပိဿာလက်ကားဈေး)**

ကြက်သွန်နီ(ဒိုင်ဈေး) ကျပ် ၁၀၀၀ - ၁၆၀၀ - ၁၈၀၀
(လက်လီဈေး) ကျပ် ၂၅၀၀ - ၃၅၀၀ - ၄၀၀၀
ကြက်သွန်ဖြူ(ဒိုင်ဈေး)ကျပ် ၅၅၀၀ - ၁၃၀၀၀ - ၁၃၅၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀ -၁၈၀၀၀
အာလူး(ဒိုင်ဈေး) ကျပ် ၃၅၀၀ - ၄၅၀၀
(လက်လီဈေး) ကျပ် ၃၆၀၀ - ၅၀၀၀

**ငရုတ်ခြောက်(ပု)**

(ဒိုင်ဈေး) ကျပ် ၁၁၅၀၀ - ၁၂၀၀၀
(လက်လီဈေး) ကျပ် ၁၃၀၀၀ - ၁၆၀၀၀ - ၂၀၀၀၀

**ငရုတ်ခြောက်(ရှည်)**

(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၈၃၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ -၁၈၀၀၀

**ဘုရင့်နောင်ကုန်စည်ဒိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန ထုတ်လုပ်ရေးရုံများ၊ မင်္ဂလာတောင်ညွန့် ကြက်၊ ဘဲဈေး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးများမှ လက်လီ၊ လက်ကား ဈေးနှုန်းများ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဖော်ပြထားခြင်းဖြစ်သည်။ ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။**

**(မြို့တော်သတင်း)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရက်စွဲ | ဆန် | | | ဆီ | | ကုန်ခြောက် | | | | | | | | အသား/ငါး | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပေါ်ဆန်း တစ်ပြည် | ဧည့်မထ တစ်ပြည် | ငစိန် တစ်ပြည် | ပဲဆီ ပိဿာ | စားအုန်းဆီ ပိဿာ | ကြက်သွန်နီ ပိဿာ | ကြက်သွန်ဖြူ ပိဿာ | ကုလားပဲ ပိဿာ | မတ်ပဲ ပိဿာ | အာလူး ပိဿာ | ဆား ပိဿာ | ငရုတ်ရှည် ပိဿာ | ငရုတ်ပု ပိဿာ | ကြက်သား ပိဿာ | ဝက်သား ပိဿာ | အမဲသား ပိဿာ | ဆိတ်သား ပိဿာ | ငါးကြင်း ပိဿာ | ငါးမြစ်ချင်း ပိဿာ | ငါးခြောက်အာပြဲ ပိဿာ | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| | ရန်ကုန် | ၁၁-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | ၁၂-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | | | | | | | | | | | | | | | | | | | | | | | |

**လက်လီဈေးနှုန်းဖြစ်ပါသည်**



ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဗျက်ကလေးကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၂၃ ဦးအား စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေကျပ် ၄၀ ဒသမ ၂၅ သန်း ပြန်လည်ထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်စဉ်။ ကိုညို(ကျေးလက်)



တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှောက်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများ တတိယအကြိမ် တောင်သူ ၆၀ ဦးအား ငွေကျပ် ၂၁၈ သိန်း ထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက်က တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ဆောင်ရွက်စဉ်။

ကာရံ(ကျေးလက်)





သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၁၀ သိန်းကို အသင်းသား၊ အသင်းသူ ၁၀၉ ဦးအား ဧပြီ ၁၁ ရက်က တာဝန်ရှိသူများ ခနိတောကျေးရွာ၌ ထုတ်ချေးပေးစဉ်။

ချိုသန်းညွန့်(ကျေးလက်)

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆင်နွှဲပျော်

ဓော်မော်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သက်ဆိုင်ရာနိုင်ငံအလိုက်ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ဘာသာရေးပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများရှိကြသည်။ ထိုပွဲတော်များအနက် အချို့သည်ဘာသာရေးနှင့် ဆက်နွှယ်လေ့ရှိကြသည်။ ထိုပွဲတော်များသည် တိုင်းသူပြည်သားများကို ပင်ပန်းနွမ်းနယ်မှုများမှ ပြေပျောက်စေရန် စိတ်ထွက်ပေါက်ပေးထားခြင်း လည်းဖြစ်သည်။ ပွဲတော်ကာလများတွင် မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေများ ဆုံစည်းကြရသည်မှာ စိတ်ချမ်းမြေ့ကြည်နူးဖွယ်ရာပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ရှေးယခင်ကတည်းက ၁၂ လ ရာသီပွဲတော်များကျင်းပခဲ့ကြသည်။ ထိုပွဲတော်များအနက် ပျော်ရွှင်စရာအကောင်းဆုံးသည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖြစ်သည်။ မကြာမီ မြန်မာ့ရိုးရာမဟာ သင်္ကြန်ကာလကျရောက်တော့မည်ဖြစ်သည်။ သင်္ကြန်အငွေ့ အသက်ကိုကြိုတင်ခံစား နေရပြီဖြစ်သည်။

**တန်ခူးလဆိုသည်မှာ**

မြန်မာဆယ့်နှစ်လတွင် အစဦးလသည် တန်ခူးလဖြစ်သည်။ နွေဥတု အပူရှိန်ပြင်းထန်သည့် ကာလဖြစ်သည်။ တန်ခူးလကို ပုဂံခေတ်ကျောက်စာများ၌ တန်ခူဟုရေးကြ၏။ အင်းဝခေတ်ရောက်သောအခါ တန်းခူးဟုရေးခဲ့သည်။ "တန်ခူးရာသီ တိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီ လှိုင်ခဲ့ပြီ၊ သွန်းဖြူးဖြာစီအိုင်ခဲ့ပြီ" ဆိုသောရတုကိုဖတ်မှတ်ဖူးပါသည်။ လက်ရှိအချိန်တွင်မူ တန်ခူးဟုရေးကြသည်။

ဝေါဟာရလိနတ္ထဒီပနီကျမ်း၌ တန်ကူးလတွင် တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ သင်္ကြန်အတာ ကူးပြောင်းသောကြောင့် တာကူးလဟု ခေါ်ကြောင်းဖော်ပြထားသည်။ ဗေဒင်အလိုအားဖြင့် တန်ခူးလကို မိဿရာသီဟုခေါ်သည်။ ထိုလတွင် စိတြနက္ခတ်စန်းနှင့်ယှဉ်၍ မွန်းတည့်သည်။ ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်၍၊ ရာသီပန်းမှာ ကံ့ကော်ပန်းနှင့် ပိတောက်ပန်းများဖြစ်ကြသည်။ တန်ခူးလတွင် နံနက်၆ နာရီ၌ နေထွက်၍ ညနေ ၆ နာရီ၌ နေဝင်သည်။ နေ့တာ၊ ညတာညီမျှသော လပင်ဖြစ်သည်။ တန်ခူးလ၌ သင်္ကြန်ရေသဘင်ပွဲတော်ကိုဆင်နွှဲလေ့ရှိကြသည်။

> **"တန်ခူးလကို ပုဂံခေတ် ကျောက်စာများ၌ တန်ခူဟုရေးကြ၏။ အင်းဝခေတ်ရောက်သောအခါတန်းခူးဟုရေးခဲ့သည်။ "တန်ခူးရာသီ တိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီ လှိုင်ခဲ့ပြီ၊ သွန်းဖြူးဖြာစီအိုင်ခဲ့ပြီ" ဆိုသော ရတုကိုဖတ်မှတ် ဖူးပါသည်။ လက်ရှိအချိန်တွင်မူ တန်ခူးဟုရေးကြသည်"**

**သင်္ကြန်ဆိုသည်မှာ**

မဟာသင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှလာသည့် သင္ကတရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကား ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သင်္ကန္တ၏အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှ တစ်နေရာသို့ရောက်ရှိခြင်း ဟူ၍ဖြစ်သည်။ မြန်မာလူမျိုးတို့၏ ကျင်းပမြဲဖြစ်သော ဆယ့်နှစ်လရာသီပွဲတော်များတွင် သင်္ကြန်ရေသဘင်ပွဲတော်သည် လွန်စွာကြီးကျယ်စည်ကားသော အမျိုးသားပွဲတော်တစ်ခုဖြစ်သည်။ ယူနက်စကိုကမြန်မာ့ယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းဖြစ်၏။

ရှေးလူကြီးသူမများက သင်္ကြန်ကိုပြောင်းလဲခြင်း၊ ရွှေ့လျားခြင်းဟုအဓိပ္ပာယ်ဖွင့်ဆိုကြ သည်ကို မှတ်သားဖူးပါသည်။ သင်္ကြန်ပွဲတော်ကို တကောင်းခေတ်ကတည်းက စတင်ကျင်းပလာခဲ့ရာ ပုဂံခေတ်တွင် တမူထူးခြားစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။ အနေအေးပြီး ရိုးသားပွင့်လင်းသော မြန်မာတိုင်းရင်းသားများ နှင့် မြန်မာ့ရိုးရာအတာသင်္ကြန်သည် ခွဲခြား၍မရပေ။

မြန်မာမှန်လျှင်အတာသင်္ကြန်ကို မျှော်လင့်ကြသည်။ ပျော်ဖို့ပါးဖို့သက်သက်မဟုတ်ချေ။ မြန်မာ့သင်္ကြန်သည် အနှစ်သာရနှင့် အဓိပ္ပာယ်များ ပြည့်နှက်နေသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်တန်ခူးလ၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ထို့ကြောင့်ခေတ်အဆက်ဆက်၌ မဟာသင်္ကြန်ပွဲတော်ကာလတွင် ရုံးပိတ်ရက်ရှည် သတ်မှတ်ပေးထားသည်။ယခုနှစ်မှာတော့ မန္တလေးမြေလျင်ကြီးလှုပ်ခတ်မှုနှင့် ကြုံနေရ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငလျင်ဘေးဒဏ်ကြောင့်ပြည်သူအများသောကပင်လယ်ဝေနေသည့်ကာလများတွင်ပြည်သူများစိတ်ဖိစီးမှုများပြေလျော့စေရန် သင်္ကြန်ပွဲတော်ကို သတ်မှတ်စည်းမျဉ်းများနှင့် အညီသာ ကျင်းပသွားရန် ခွင့်ပြုထားရှိသည်။ မြန်မာတို့ အေးသင်္ကြန်အဖြစ် ဆင်နွှဲကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းများအတွက် သင်္ကြန် ရုံးပိတ်ရက်ကာလသည် ဧပြီ ၁၂ ရက်မှ ၂၁ ရက်အထိ ဖြစ်သည်။ ဧပြီ ၁၃ ရက်သည် သင်္ကြန်အကြိုနေ့ ဖြစ်သည်။ ဧပြီ ၁၄ ရက်သည် သင်္ကြန်အကျနေ့ ဖြစ်သည်။ ဧပြီ ၁၅ ရက်သည် သင်္ကြန်အကြတ်နေ့ ဖြစ်သည်။ ဧပြီ ၁၆ ရက်သည် သင်္ကြန်အတက်နေ့ ဖြစ်သည်။ ဧပြီ ၁၇ ရက်သည် မြန်မာနှစ်ဆန်း တစ်ရက်နေ့ဖြစ်သည်။

**ရေလိုအေးလို့ပန်းလိုလန်းပါစေ**

မြန်မာလူငယ်များသည် နှစ်စဉ်သင်္ကြန်ရောက်ရှိချိန်တွင် ပျော်ရွှင်စွာရေကစားကြရသဖြင့် ထိုကာလကို မျှော်လင့်တောင့်တကြသည်။ သင်္ကြန်ရေသည် အေးမြခြင်း၊ ကြည်လင်ခြင်းနှင့်အညစ်အကြေးများကို ဆေးကြောသန့်စင်နိုင်ခြင်း စသည့်အမှတ်သင်္ကေတပင်ဖြစ်သည်။ နှစ်ဟောင်းမှအညစ်အကြေးများ နှစ်သစ်တွင်ပါမလာစေရန်၊ ပူပြင်းသောနွေရာသီတွင် အေးမြသောအစိုဓာတ် ရရှိစေရန်နှင့် မကောင်းသော ကံကြမ္မာနှင့် ဘေးအန္တရာယ်များ ကင်းဝေးစေရန် ရည်ရွယ်ပက်ဖျန်းကြခြင်းဖြစ်သည်။ သင်္ကြန်ကာလ ရေပက်ဖျန်းခြင်းအားဖြင့် နှစ်ဟောင်းမှ အညစ်အကြေးများကိုဆေးကြောသန့်စင်ပြီး နှစ်သစ်ကို သန့်ရှင်းလတ်ဆတ်သော စိတ်သစ်လူသစ်နှင့် ဖြစ်တည်းကျော်လွှားနိုင်သည်ဟု ယုံကြည်ထားကြသည်။ လူကြီးသူမများသည် သင်္ကြန်ကာလတွင် တရားရိပ်သာဝင်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ဘုန်းကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများသို့ သွားရောက်ကုသိုလ်ယူကာအကျိုးရှိရှိကုန်ဆုံးလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေ သင်္ကြန်ရေပက်ဖျန်းခြင်းသည် လေးနက်သော အဓိပ္ပာယ်ဆောင်ပြီး ရေလိုအေး၍ ပန်းလိုလန်းပါစေ ဆိုသော မေတ္တာဓာတ်ဖြင့် ပက်ဖျန်းကြခြင်းဖြစ်သည်။

**ကောင်းမှုကုသိုလ်ပြုလုပ်**

မြန်မာတို့သည် သင်္ကြန်ကာလအပျော်အပါးသက်သက်ဖြင့် ဖြတ်သန်းခြင်း မဟုတ်ဘဲ ဘုရားကျောင်းကန်သွားခြင်း၊ တရားရိပ်သာဝင်ခြင်း၊ ရှင်ပြုရဟန်းခံခြင်းစသည့် ကောင်းမှုကုသိုလ်တစ်မျိုးမျိုးကို ပြုလုပ်လေ့ရှိကြသည်။ အထူးသဖြင့် သင်္ကြန်ကာလများတွင် စတုဒိသာကျွေးမွေးခြင်း၊ သက်သက်လွတ်စားခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်း၊တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းရာတွင်လည်း ခွင့်တောင်းပြီး ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းကာရေကစားခြင်းပြုလေ့ရှိကြသည်။ မဏ္ဍပ်များတွင် လှပျိုဖြူများ၏ သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေလေ့ရှိကြသည်။ ဗုဒ္ဓဘာသာဝင်မြန်မာတို့၏ချစ်စရာကောင်းသောထုံးတမ်းစဉ်လာများပင် ဖြစ်သည်။

> **"မြန်မာလူမျိုးများသည် ကောင်းမှုကုသိုလ်ပြုလုပ်ရန်၊ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ရန်နှင့် နှစ်သစ်တွင် လုပ်ငန်းဆောင်တာများကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်ရန်ဆိုသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် သင်္ကြန် ပွဲတော်ကိုနှစ်စဉ်ကျင်းပခြင်းဖြစ်သည်"**

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလ၏ အရေးပါဆုံးသောနေ့သည် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။

ထိုနေ့တွင် ဘုရားစေတီပုထိုးများသို့ သွားရောက်ကာငါးများ၊ငှက်များအပါအဝင်တိရစ္ဆာန်များကိုဘေးမဲ့လွှတ်ခြင်း ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းလှီးဖြတ်ပေးခြင်း၊ အလှူအတန်းပြုလုပ်ခြင်း စသည့်ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းဖြင့် တစ်နေ့တာကို အကျိုးရှိစွာဖြတ်သန်းကြသည်။ မြန်မာများသည် နှစ်ဆန်းတစ်ရက်နေ့တွင်မင်္ဂလာရှိသောအလုပ်များကိုသာ လုပ်ကိုင်လေ့ရှိကြသည်။ ကျေးလက်နေတောင်သူများသည် ပင်လျှင်ထိုနေ့၌ ထွန်ယက်စိုက်ပျိုးမှုကို စတိအဖြစ်ဆောင်ရွက်လေ့ရှိကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ငွေကြေးသုံးစွဲမှုလည်းမပြုလုပ်ကြပေ။ မင်္ဂလာရှိသော အလုပ်များကိုသာလုပ်ကိုင်ကြသည်။

**မဟာသင်္ကြန်တွင် မြန်မာဆန်ဆန်ဆင်နွှဲသွားစေလို**

မြန်မာလူမျိုးတို့သည် အများအားဖြင့်သင်္ကြန်ကာလကို ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းဖြင့် ဖြတ်သန်းကြသည်။ သို့သော် အချို့သည်မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့်သောက်စားမူးယစ်ရမ်းကားခြင်းများ တစ်နှစ်ထက်တစ်နှစ်ပို၍ ပြုလုပ်ကြသည်။ ထို့ကြောင့်သင်္ကြန်ကာလတွင်သောက်စားမူးယစ်ပြီး အချင်းချင်းခိုက်ရန်ဖြစ်ပွားသဖြင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ အမှုရင်ဆိုင်ရခြင်း၊ ယာဉ်များကို မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားပြီးသေကြေ၊ ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြစ်ပွားကြုံတွေ့နိုင်သည်။ဤသည်ကိုလူတစ်ဦးချင်းစီက ကိုယ်စီအသိဖြင့် ထိန်းသိမ်းကာကွယ်သင့်ကြသည်။

နှစ်ဟောင်း၏အညစ်အကြေးများကိုသန့်စင်စေရန်နှင့် ပူပြင်းသောနွေရာသီတွင် အေးချမ်းမှုအရသာကိုခံစားနိုင်စေရန်အတွက်ရှေးဘုရင်များလက်ထက်ကပင် မြန်မာနိုင်ငံတွင် သင်္ကြန်ကာလ၌ တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကြရန်ခွင့်ပြုပေးခဲ့သည့် ကောင်းမွန်သောဓလေ့ထုံးတမ်းအစဉ်အလာရှိခဲ့သည်။ မြန်မာလူမျိုးများသည်ကောင်းမှုကုသိုလ်ပြုလုပ်ရန်၊ နှစ်ဟောင်းမှ အညစ်အကြေးများကိုဆေးကြောသန့်စင်ရန်နှင့် နှစ်သစ်တွင်လုပ်ငန်းဆောင်တာများကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်ရန်ဆိုသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် သင်္ကြန်ပွဲတော်ကိုနှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ထိုကောင်းမွန်သောအစဉ်အလာများကို ထိန်းသိမ်းကြရန်သည် မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသား ပြည်သူအားလုံးအပေါ်တွင်တည်မှီနေသည်။

စင်စစ်အားဖြင့်ယဉ်ကျေးမှုထွန်းကားသောနိုင်ငံသည် လူမျိုးအဆင့်အတန်းမြင့်မားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူပြုနိုင်သည်။ သို့ဖြစ်၍ သက်ကြီးရွယ်အို၊ လူကြီး၊ လူလတ်ပိုင်းများသည်မျိုးဆက်သစ်များကိုကောင်းမွန်သောယဉ်ကျေးမှုအစဉ်အလာကောင်းများအလေ့အထကောင်းများကို လက်ဆင့်ကမ်းပေးသွားကြရန်တာဝန်ရှိပေသည်။ ထိုသို့မဟုတ်ဘဲ မျိုးဆက်သစ်လူငယ်များအကြား မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်သော ဝတ်စားဆင်ယင်မှုများ၊ သောက်စားရမ်းကားမှုများ ပြုမူနေထိုင်ခြင်းများနှင့် အပျော်အပါးလွန်ခြင်းများသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို မှေးမှိန်စေရုံ သာမက ထိုလူငယ်များ၏ အနာဂတ်ကိုလည်း ထိခိုက် စေနိုင် ပါသည်။

ထို့ကြောင့် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော်ကာလတွင် ကောင်းမွန်သော မြန်မာ့ဓလေ့ထုံးတမ်းယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ အကျိုးရှိရှိကျင်းပသွားနိုင်ရန် အတွက် ပြည်သူအားလုံးက အမျိုးသားရေး စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

မြို့တော်သတင်း The CITY NEWS






တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိလာသည့် ပစ္စည်းများနှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။ (သတင်း-ကျော်ဖုံး)



ဘာရှိန်းနိုင်ငံမှ ရောက်ရှိလာသည့်ပစ္စည်းများနှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။ (သတင်း-ကျော်ဖုံး)



ဘာရှိန်းနိုင်ငံမှ တင်ဆောင်လာသည့် ပစ္စည်းများကို တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး)



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေစဉ်။ (သတင်း-ကျော်ဖုံး)

# သင်္ကြန်ပိတ်ရက်အတွင်း YBS ယာဉ်လိုင်း ၆၀ ကျော် ပြေးဆွဲပေးမည်

**ရန်ကုန် ဧပြီ ၁၂**

သင်္ကြန်ပိတ်ရက်အတွင်း အများပြည်သူခရီးသွားလာမှုအဆင်ပြေစေနိုင်ရန်အတွက် (သင်္ကြန်အကြိုနေ့)ဧပြီ ၁၃ ရက်မှ (မြန်မာနှစ်ဆန်းတစ်ရက်နေ့)ဧပြီ ၁၇ ရက်အထိ ပိတ်ရက်မရှိ YBS ယာဉ်လိုင်းပေါင်း ၆၀ ကျော်ဖြင့် ပြေးဆွဲဝန်ဆောင်မှုပေးမည်ဖြစ်သည်။

အဆိုပါ ကာလအတွင်းပြေးဆွဲပေးမည့် ယာဉ်လိုင်းများတွင် YBS ၃၇ ၊ ၈၇ ၊ ၈၉ ၊ ၁၈ ၊ ၃၅ ၊ ၅၂ ၊ ၅၃ ၊ ၅၄ ၊ ၆၁ ၊ ၆၈ ၊ ၇၅ ၊ ၁၃၁ ၊ ၁၃၇ ၊ ၃၄ ၊ ၅ ၊ ၇၀၊ ၇၅ ၊ ၁၂၉ ၊ ၆ ၊ ၄၆ ၊ ၁၂ ၊ ၉၂ ၊ ၆၁ ၊ ၃၉ ၊ ၄၁ ၊ ၉၀ ၊ ၁၂၃ ၊ ၁၂၄ ၊ ၄၀ ၊ ၁၄၃ ၊ ၁ ၊ ၉ ၊ ၁၉ ၊ ၂၃ ၊ ၁၀၃၊ ၁၁၉ ၊ ၄၄ ၊ ၆၆ ၊ ၆၇ ၊ ၇၁ ၊ ၇၄ ၊ ၇၇ ၊ ၇၉ ၊ ၉၁ ၊ ၁၃၀ ၊ ၂၇ ၊ ၇၆ ၊ ၈၁ ၊ ၈၅ ၊ ၁၂၀၊ ၁၃၂ ၊ ၄၂ ၊ ၆၅ ၊ ၂၂ ၊ ၁၂၆၊ ၃၃၊ ၄၅၊ ၈၄ ၊ ၁၁၁ ၊ ၁၃၃ ၊ ၁၃၄ ၊ ၁၃၆ ၊ ၁၃၈ ၊ ၁၃၉၊ ၁၄၂ နှင့် ၁၄၄ စသည့် ယာဉ်လိုင်းပေါင်း ၆၆ လိုင်း ပါဝင်ကြောင်း YRTC မှ သိရသည်။

"သင်္ကြန်ရက်တွေမှာ ရန်ကုန်မြို့တွင်းယာဉ်လိုင်းပေါင်း ၆၆ လိုင်းနဲ့ ဝန်ဆောင်မှုပေးသွားပါမယ်။ ယာဉ်အစီးရေတော့ နည်းမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယာဉ်မောင်းတွေ ယာဉ်ပြင်ဆင်တာနဲ့ သင်္ကြန်ကာလအလှူဒါနလုပ်တာတွေကြောင့်ဖြစ်ပါတယ်။ ရုံးပိတ်ရက်ရှည်ဖြစ်တဲ့အတွက် မဖြစ်မနေသွားလာကြတဲ့ ခရီးသည်တွေအတွက် ရည်ရွယ်ပြီး ဝန်ဆောင်မှုပေးတာဖြစ်ပါတယ်။ နှစ်ဆန်းနှစ်ရက်လောက်မှာ ယာဉ်လိုင်းအားလုံး ပြန်လည်ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်" ဟု YRTC မှတာဝန်ရှိသူတစ်ဦးက ပြောသည်။




ထို့အပြင် သင်္ကြန်ကာလအတွင်း YBS ယာဉ်လိုင်းများ၏ ယာဉ်စီးခနှုန်းထားများကိုပုံမှန်အတိုင်း သာကောက်ခံရန် ညွှန်ကြားထားကြောင်း သတ်မှတ်ယာဉ်စီးခနှုန်းထားထက် ပိုမိုကောက်ခံပါက YRTC ထံသို့ ယာဉ်လိုင်းနံပါတ်၊ ယာဉ်နံပါတ်တို့နှင့်အတူ တိုင်ကြားနိုင်ကြောင်း သိရသည်။

YRTC အနေဖြင့် သင်္ကြန်မဟုတ်သည့် ပုံမှန်ကာလများတွင် နေ့စဉ်ယာဉ်လိုင်းပေါင်း ၁၃၀ ကျော်၊ ယာဉ်အစီးရေ ၃၄၀၀ နီးပါးဖြင့် ပြေးဆွဲလျက်ရှိကြောင်းသိရသည်။

**အောင်မြင့်ဌေး(မြို့တော်သတင်း)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# သာကေတမြို့နယ်တွင် ကြက်ဥများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ





**ရန်ကုန် ဧပြီ ၁၂**

သာကေတမြို့နယ်၊ ဇင်္ဂမလမ်းနှင့် ၇ဈေးလမ်းတို့တွင် ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူများအား ကြက်ဥတစ်လုံးလျှင်၃၆၅ကျပ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။**(ပုံ)**

**(မြို့တော်သတင်း)**

# ပုဇွန်တောင်မြို့နယ်တွင် ပြည်သူများအား ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချ







**ရန်ကုန် ဧပြီ ၁၂**

ပုဇွန်တောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ၄၉ လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထိပ်၊ (၇) ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းနှင့် ကွက်သစ်လမ်းထောင့်၊(၂) ရပ်ကွက်၊ အနော်ရထာလမ်းနှင့် ၅၃ လမ်းထောင့်နှင့် (၁) ရပ်ကွက် ၅၁ လမ်းနှင့် အနော်ရထာလမ်းထောင့်တို့တွင် ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူများအား ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။**(ပုံ)**

**(မြို့တော်သတင်း)**

## မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ခူးလဆုတ် ၁ ရက်နေ့မှ ၄ ရက်နေ့အထိ (၂၀၂၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်း မပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗွီးတက်) မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း မပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
၃။ ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။
၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ် စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။
၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။
၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# ၂၀၂၅ ခုနှစ် ဧပြီလ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၂ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘိီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

# မြန်မာအမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဖွဲ့ကပင်လမ်း ၁၀ ရပ်ကွက်နေ မတင်ဇာဦး က ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ မ----၊ ၁၉/၂၅နှစ်၊ မ----၊ ၁၇/၂၅ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ မ----၊ ၃၁/၂၅ နှစ် တို့အား တရုတ်နိုင်ငံ၌ တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ကျိုင်းတုံမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အသီးသီးအမှုဖွင့်လှစ် တရားစွဲတင်ပို့ခဲ့သည်။

အဆိုပါအမှုအား ကျိုင်းတုံခရိုင်တရားရုံးမှ ဧပြီ ၈ ရက်တွင် တရားခံ မတင်ဇာဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီဖြင့် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရှိရသည်။

သတင်းစဉ်

**အိမ်ပြင်ပဦထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ..................... ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ .....................

## ညောင်ရွှေမြို့နယ် ငလျင်ဒဏ်သင့်ကျေးရွာများ သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်

**ညောင်ရွှေ ဧပြီ ၁၂**

ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတ် ၂၈ ရက်လှုပ်ခတ်ခဲ့သည့် မန္တလေး မြေငလျင်ကြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာ (၁၈)ရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန်အတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေသန့်စင်စက်အသစ်တပ်ဆင်ခြင်း/ ပြုပြင်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေတိုင်ကီထောက်ပံ့ခြင်း လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ဧပြီ ၁၀ ရက်က ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးမောင်မောင်ဝင်း၊ ကလောခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့်ဝန်ထမ်းများသည် သဘာဝဘေးအန္တရာယ် မန္တလေးမြေငလျင်ကြီးလှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကျေးရွာ(၁၈)ရွာတွင် စက်ရေတွင်းလေးတွင်း တူးဖော်ခြင်း၊ ရေသန့်စင်စက်အသစ်နှစ်စုံတပ်ဆင်ခြင်းနှင့် အဟောင်းသုံးစုံ ပြုပြင်ခြင်း၊ ရေပိုက် (၁၁၉၀လုံး) အရှည်ပေ (၁၃၁၂၀) ပေသွယ်တန်းခြင်း လုပ်ငန်းနှင့် ရေတိုင်ကီ (၁၄)လုံး ထောက်ပံ့ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ကျေးရွာများရှိ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ငလျင်လှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းမှာကြားသည်။

**မောင်နိုင်**





**မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဧပြီ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။**

**ဟိန်းထက်စိုး(မလှိုင်)**

## လပွတ္တာမြို့နယ်တွင် စီမံကိန်းလုပ်ငန်းများလွှဲပြောင်းပေးအပ်ပွဲကျင်းပ

**လပွတ္တာ ဧပြီ ၁၂**

လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ကျေးလက်ရေပေးရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းများအား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးဦးမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမြတ်ကျော်သူက မြစိမ်းရောင်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ရေပေးရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းများလွှဲပြောင်းပေးခြင်းကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကျေးရွာ (၁၄) ရွာမှ ကျေးရွာကော်မတီဝင်များအား လည်းကောင်း၊ မြစိမ်းရောင်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သည့်ကျေးရွာ (၁၁)ရွာမှ ကျေးရွာကော်မတီဝင်များအားလည်းကောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်သည့် ကျေးရွာ(၁၆)ရွာမှ ကျေးရွာကော်မတီဝင်များအား တာဝန်ရှိသူများက အသီးသီးလုပ်ငန်းများ လွှဲပြောင်းပေးအပ်ကြသည်။

**တေဇာလင်း**



**ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၁၀ ရက်က တရောတန်းကျေးရွာ၌ ပြုလုပ်စဉ်။**

**သော်ဇင်ထူး**



**မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဒုတိယအကြိမ်မြောက် အသင်းသူ၊ အသင်းသား ၁၆ ဦးအား ငွေကျပ် ၉၇ သိန်း ထုတ်ချေးခြင်းကို ဧပြီ ၁၀ ရက်က တာဝန်ရှိသူများ ကောင်းဟတ်ကျေးရွာ၌ ဆောင်ရွက်စဉ်။**

**စိန်လွင်(ကျေးလက်)**

CITY FM Radio Station

**မြို့တော်အသံလွှင့်ဌာန**
**၁၂-၄-၂၀၂၅ (စနေနေ့)**

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | မြို့ရန်ကုန်ရဲ့ ဈေးပွဲတော်များဆီသို့ |
| ၈:၃၀ | Country Songs |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Hidden Playlist |
| ၁၀:၃၀ | Weekly Sport Album |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဆောင်းပါးများ |
| ၁၂:၁၀ | နှစ်ပတ်လည်သီချင်းများ |
| ၁၂:၃၀ | Song Title Track |
| ၁:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | မင်္ဂလာဆောင်သီချင်းများ |
| ၃:၃၀ | Country Songs |
| ၄:၀၀ | ကျန်းမာရေးစကားဝိုင်း |
| ၄:၃၀ | စတိုင်ကျကျ လူမှုဘဝ |
| ၅:၀၀ | Rock Songs |
| ၅:၃၀ | Weekly Sport Album |
| ၆:၀၀ | Hidden Playlist |
| ၆:၃၀ | Duet Songs |
| ၇:၀၀ | မြို့ရန်ကုန်ရဲ့ဈေးပွဲတော်များဆီသို့ |
| ၇:၂၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | ရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၈:၃၀ | English Oldies |
| ၉:၀၀ | ပြန့်လွင့်တေးသံမြန်မာသံ |
| ည ၉ : ၄၅မှ ည၁၀:၀၀ထိ | မဟာဂီတသီချင်းများ |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |

CITY FM Radio Station

**မြို့တော်အသံလွှင့်ဌာန**
**၁၃-၄-၂၀၂၅ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | ၅၂၈ နှလုံးသား |
| ၈:၃၀ | Country Songs |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Hidden Playlist |
| ၁၀:၃၀ | Live Show Songs |
| ၁၁:၀၀ | မိုဘိုင်းလ်ဖုန်းအနုပညာ |
| ၁၁:၂၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဆောင်းပါးများ |
| ၁၂:၁၀ | နှစ်ပတ်လည်သီချင်းများ |
| ၁၂:၃၀ | မောင်ညီမလေးတို့ရေ |
| ၁:၀၀ | Popular Trend |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | မင်္ဂလာဆောင်သီချင်းများ |
| ၃:၃၀ | Country Songs |
| ၄:၀၀ | သူ့ဘဝသူ့အနုပညာ |
| ၄:၃၀ | International Modern Music |
| ၅:၀၀ | Rock songs |
| ၅:၃၀ | Live Show Songs |
| ၆:၀၀ | Hidden Playlist |
| ၆:၃၀ | Duet Songs |
| ၇:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | ရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၈:၃၀ | Blues Music |
| ၉:၀၀ | မြန်မာ့ဂန္ထဝင်တေးများ |
| ည ၉ : ၄၅မှ ည၁၀:၀၀ထိ | မဟာဂီတသီချင်းများ |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |

## မြို့တော်သတင်းစာတွင် ပြည်သူတို့၏ လူမှုဘဝကဏ္ဍအစုံစုံတို့ကို ဖော်ပြ၊ ပြန်ကြားပေးမည့် မြို့တော်အသံကဏ္ဍကို ဖွင့်လှစ်ထား

**ရန်ကုန် ဧပြီ ၁၂**

မြို့တော်သတင်းစာအား ၂၀၂၁ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နေ့စဉ်ညနေခင်းသတင်းစာအဖြစ် ပြန်လည်ဆန်းသစ် ထုတ်ဝေလျက်ရှိရာ မြို့တော်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုဘဝကဏ္ဍပေါင်းစုံမှ ပြုပြင်ပေးစေလိုသော ကိစ္စရပ်များ၊ လိုအပ်ချက်များ၊ ပြည်သူတို့၏ နစ်နာဆုံးရှုံးမှုများကို ဖော်ပြပေးနိုင်ရန်၊ မျှဝေပေးနိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်း၊ အဖြေရှာ ပြန်ကြားပေးနိုင်ရန်တို့အတွက် မြို့တော်အသံကဏ္ဍကိုဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများကိုလည်း ပူးတွဲပေးပို့နိုင်ပါသည်။ ရေးသားပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ကတ်ပြားမိတ္တူနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပေးရန် အသိပေးအပ်ပါသည်။ မြို့တော်သတင်းစာတိုက် ဖုန်း ၀၁ - ၇၅၀၁၃၆၂၆၊ Fax: 01-7503670၊ yangoncitynews@gmail.com သို့ ပေးပို့နိုင်သည်။

**(မြို့တော်သတင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃ စီ)၊ မြေကွက်အမှတ်-၁၆၂၊ (၀.၀၃၁) မြေကွက်တည်နေရာအမှတ် (၄၈)၊ ပျားရည်ကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ (၁) ဦးစိုးနိုင် (၁၂/ ဗဟန(နိုင်) ၀၀၆၄၇၁)၊ (၂) ဦးထွန်းဦး (၁၂/ ဗဟန (နိုင်) ၀၀၆၃၄၆)၊ (၃) ဒေါ်သန်းသန်းနု (၁၂/ ဗဟန (နိုင်) ၀၀၆၄၆၅)၊ (၄) ဦးစိုးအောင်မြင့် (၁၂/ ဗဟန (နိုင်) ၀၀၇၀၀၁) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (၄) ဦးအနက် ဦးစိုးနိုင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်လေးမြင့် (၁၂/ ဗဟန (နိုင်) ၀၀၆၆၁၁) မှလည်းကောင်း၊ ဦးထွန်းဦး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အင်ကြူ (၁၂/ ဗဟန (နိုင်) ၀၀၆၄၄၉) မှ ခင်ပွန်းအစုအတွက်လည်းကောင်း၊ ဒေါ်သန်းသန်းနု အပျိုကြီးဘ၀ဖြင့် ကွယ်လွန်သဖြင့် မောင်ဖြစ်သူ ဦးစိုးအောင်မြင့် (၁၂/ ဗဟန (နိုင်) ၀၀၇၀၀၁)မှ အမအစုနှင့် မိမိ၏အစုတို့အတွက်လည်းကောင်း မိမိတို့ (၃) ဦးကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ဒေါ်ခင်လေးမြင့် ၊ ဒေါ်အင်ကြူ၊ ဦးစိုးအောင်မြင့်တို့၏ (၁၅-၅-၂၀၂၄) ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ အမည်ပေါက်သည့် ပိုင်ဆိုင်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေဆုံးမှုလက်မှတ်၊ တရားရုံးအမိန့်များတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ကေ၊ မြေကွက်အမှတ် ၁၁၁ အမ် ၃/၄-၂ အေ ၊ ဧရိယာ (၀.၀၉၂) ဧက၊ မြေကွက်တည်နေရာအမှတ် (၅၄/ ဘီ/၃) ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်ကြည်အေး (၁၂/ ဗဟန (နိုင်)၀၄၆၂၃၉)၊ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (မိခင်) ဒေါ်ကြည်အေးသည် (၂၉-၄-၂၀၁၄) ရက်နေ့နှင့် (ဖခင်) ဦးသိန်းဟန်သည် (၈-၂-၁၉၉၅) ရက်နေ့တို့တွင် အသီးသီး ကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးများဖြစ်သော ဒေါ်ခင်ခင်ဝိုင်းနှင့် ဦးသန့်ဇင်တို့ (၂) ဦးမွေးဖွားခဲ့ပြီး သားဖြစ်သူ ဦးသန့်ဇင်သည် (၉-၄-၂၀၁၆) ရက်နေ့တွင် လူပျိုကြီးဘ၀ဖြင့် ကွယ်လွန်ခဲ့ပါသဖြင့် သမီးဖြစ်သူ ဒေါ်ခင်ခင်ဝိုင်း (၁၂/ လသန (နိုင်) ၀၀၉၇၂၃) မှ ၎င်းတို့မောင်နှမ (၂) ဦးတည်းကိုသာ မွေးဖွားခဲ့ပြီး အခြားသောမွေးချင်းတစ်ဦး တစ်ယောက်မျှနှင့်ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ ၎င်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးမျှမရှိပါကြောင်း ပန်းတဲတန်းမြို့နယ်တရားရုံးမှတ်ပုံတင်အမှတ်- ၂၇၃၇/၂၀၂၅ (၂၂-၃-၂၀၂၅) ရက်နေ့ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဒေါ်ကြည်အေးနှင့်ဦးသန့်ဇင်တို့၏ သေဆုံးမှုလက်မှတ်များ၊ ဦးသိန်းဟန်၏ သေစာရင်းသွင်းမိတ္တူမှန်၊ အမည်ပေါက် အရောင်းစာချုပ်အမှတ်- ၂၂၇၁/ ၂၀၀၇ (၂၀-၆-၂၀၀၇)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၄၇၊ ဧရိယာ (၀.၁၁) ဧက၊ မြေကွက်တည်နေရာအမှတ် - (၁၅/၄၇)၊ တော်ဝင် (၃) လမ်း၊ (၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးသိန်းတိုး (၁၂/ ဒဂန (နိုင်) ၀၀၂၃၂၄) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးသိန်းတိုး (ဖခင်) ဖြစ်သူသည် (၄-၉-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်သွားပါသည်။ မိခင်ဖြစ်သူ ဒေါ်မြမြ (၁၂/ ဒဂန (နိုင်) ၀၀၂၃၂၅) သည်လည်း (၂၉-၈-၁၉၉၃) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် သား/သမီးများဖြစ်ကြသော ဦးဇော်လွင်ဦး (၁၂/ ဗဟန (နိုင်) ၀၇၁၃၃၀)၊ ဒေါ်သီဂီဦး (၁၂/ ဒဂန (နိုင်) ၀၀၂၃၂၆)၊ ဒေါ်သီဂီဝင်း (၁၂/ဒဂန(နိုင်)၀၀၂၃၂၇)၊ ဒေါ်သီတာဝင်း (၁၂/ ဒဂန (နိုင်) ၀၀၂၃၂၈) ဦးတင်မောင်လွင် (၁၂/ ဒဂန (နိုင်) ၀၀၂၃၂၉) တို့မှ ဂရန်မူရင်း၊ ဖခင်သေစာရင်း၊ မိခင်ဖြစ်သူ၏ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၏ သေဆုံးခြင်းလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ မိဘများကွယ်လွန်ချိန်တွင် အမွေစားအမွေခံ ၎င်းတို့မောင်နှမ (၅) ဦးသာ ကျန်ရစ်ခဲ့ပြီး ၎င်းတို့မောင်နှမ (၅) ဦးက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ၎င်းတို့ (၅) ဦးမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားခြင်းမရှိကြောင်း၊ ကျောက်တံတားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၂၈၆၉/၂၀၂၄ (၂၀-၉-၂၀၂၄) အသိသက်သေ (၂) ဦး ထပ်ဆင့်ကျမ်းကျိန်လွှာ (၂) စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅ ရွှေကမ်းသာယာ-၁၊ မြေကွက်အမှတ် ၃၀၃+၃၁၆ ဧရိယာ ၀.၃၄၄ ဧက၊ မြေကွက်တည်နေရာအမှတ် -၃၀၃+၃၁၆၊ ကျွဲတံလမ်း၊ အတွင်းပဒံရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးအောင်သန်းထွန်း (၁၄/ ညတန (နိုင်) ၀၈၇၈၃၀) ဒေါ်မြင့်မြင့်ငယ် (၁၂/ ဒလန (နိုင်) ၀၀၁၃၀၄) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးအောင်သန်းထွန်း (၁၄/ ညတန (နိုင်) ၀၈၇၈၃၀)၊ ဒေါ်မြင့်မြင့်ငယ် (၁၂/ ဒလန (နိုင်) ၀၀၁၃၀၄) တို့ကို ကိုယ်တိုင်မှဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ ၂၀၁၄ ခုနှစ်ဘဏ်ချေး မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် ဘဏ်ချေးရန်အတွက် မြေပုံမြေရာဇဝင်အား ထုတ်ယူခဲ့ပါကြောင်း၊ အဆိုပါ မြေပုံမြေရာဇဝင်အားအသုံးပြု၍ အာမခံအဖြစ်ထားရှိကာ ရိုးမဘဏ် (အလုံဘဏ်) တွင် ချေးယူခဲ့ပြီး ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်း သက်ဆိုင်ရာစာချုပ်စာတမ်း မူရင်းနှင့် ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်များကို ဘဏ်မှထုတ်ယူခဲ့ပြီးနောက် လက်ဝယ်သိမ်းဆည်းထားရာမှ မြေပုံမြေရာဇဝင်မူရင်းများ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ နှစ် (၆၀) ဂရန်မူရင်းမှာ လက်ဝယ်တွင်ရှိကြောင်း၊ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာတင်ပြထားပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၅၂၁၊ မြေကွက်တည်နေရာအမှတ် -၅၂၁၊ အောင်မာဃလမ်း၊ ၂၉ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ( ဦးခင်သောင်း AB -035336) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်) မြေအား ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၀၃/၂၀၂၃ ဖြင့် ဦးကောင်းမြတ်၊ ဦးဇော်ထွန်းမြတ် (၎င်း၏တရားဝင်ကိုယ်စားလှယ်ဒေါ်သိန်းသိန်းတင့်) မှ (တရားလို) ပြု၍ ဦးခင်သောင်းအပေါ် (တရားပြိုင်) ထားကာ စွဲဆိုခဲ့ခြင်းအပေါ် "ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၁၉-၂-၂၀၂၄) ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်- ၁၉/၂၀၂၄ ၏ (၂၈-၂-၂၀၂၄) ရက်စွဲပါ အမိန့်နှင့်နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၂၉-၂-၂၀၂၄) ရက်စွဲပါ အကြောင်းကြားစာ နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅၊ မြေကွက်အမှတ် ၃၇၉/ခ၊ ဧရိယာ (၀.၀၂၇) ဧက၊ မြေကွက်တည်နေရာအမှတ် (၃၇၉/ခ)၊ ရန်ကြီးအောင် (၃) လမ်း၊ (၁၁) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးဘိုးရွှေ (ခ) သန်းနိုင် (၁၂/ အစန (နိုင်) ၀၁၇၆၈၉) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ပိုင်ဆိုင်ကြောင်းမှတ်ပုံတင်စာချုပ်အမှတ် ၅၁၇၆၂/၂၀၂၄ (၂၀-၆-၂၀၂၄) ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်စန်း (၁၂/ အစန (နိုင်) ၀၁၇၇၀၇) မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း အမှတ် (၁၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရွှေပြည်သာမြို့မရဲစခန်းထောက်ခံချက်၊ ဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပြီး မြေကွက်အား ဒေါ်ခင်စန်းမှ တရားဝင်ဆက်ခံပိုင်ဆိုင်၍ လက်ဝယ်ထားရှိစီမံခန့်ခွဲလျက်ရှိကြောင်း၊ မြေကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေးကမ်း၊ လွှဲပြောင်း၊ ပေါင်နှံ၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမရှိပါကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက် ခဲ့ပါက ၎င်းမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း မင်္ဂလာတောင်ညွှန့်မြို့နယ်တရားရုံးတွင် ကျမ်းကျိန်မှတ်ပုံတင်အမှတ်-၃၁၉/၂၀၂၄ (၅-၇-၂၀၂၄) ဖြင့် ကိုယ်တိုင်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ပိုင်ဆိုင်ကြောင်းမှတ်ပုံတင်စာချုပ်တို့တင်ပြ၍ နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် (26 -A )၊ မြေကွက်အမှတ် ( V- ၁၂၅)၊ ဧရိယာ (၀.၀၂၈) ဧက၊ မြေကွက်တည်နေရာအမှတ် (၁၄)၊ ဥယျာဉ်လမ်း၊ မကျည်းတန်းအနောက်/ မြောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်လှလှမြင့် (၁၂/ ဥကတ (နိုင်) ၀၀၄၅၁၇)၊ ဦးအောင်မြင့်သူ (၁၀/ မဒန (နိုင်) ၀၃၃၀၃၃)၊ ဦးသိန်းအောင် (၁၂/ မရက (နိုင်) ၀၉၁၆၀၇)၊ ဦးအောင်သိန်းညွန့် (၁၂/ မဂတ (နိုင်)၀၁၉၉၉၀)၊ ဦးအောင်သန်းလွင် (၇/ ပမန (နိုင်) ၁၀၂၄၂၆)၊ မမေသက်လွင် (၇/ ပမန (နိုင်) ၀၀၀၂၆၈)၊ မမေသက်ခိုင် (၇/ ပမန (နိုင်) ၀၀၀၂၆၉)၊ မမေသက်ထွေး (၇/ ပမန (နိုင်) ၀၀၂၉၇၇)၊ မမေသက်အေး (၇/ ပမန (နိုင်) ၁၂၇၁၇၀)၊ ဒေါ်စိုးစိုးမြင့် (၁၂/ စခန (နိုင်) ၀၂၄၉၈၆)၊ ဒေါ်ခင်သန့်ဇင် (၁၄/မမက (နိုင်) ၀၅၁၂၃၀)၊ ဒေါ်ခင်ခင်ထား (၁၂/ စခန (နိုင်) ၀၂၁၉၂၃)၊ ဦးကျော်ထွန်း (၃/ ဘအန (နိုင်)၀၀၆၅၇၃)၊ဒေါ်မြင့်မြင့်ရီ (၁၂/ စခန (နိုင်) ၀၂၆၅၀၁)၊ ဒေါ်ထွေးထွေးရီ (၁၂/ စခန (နိုင်)၀၀၃၇၂၃)၊ ဒေါ်လှလှအေး (၁၂/ အလန (နိုင်) ၀၁၃၉၉၉) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား မင်္ဂလာဒုံမြို့နယ်တရားရုံးတွင် ဦးထွန်းဇော်မင်းက တရားလိုပြုလုပ်၍ ဒေါ်လှလှမြင့်ပါ ၁၆ ဦးတို့ကို တရားပြိုင်ထားကာ "စာချုပ်ပါပဋိညာဉ်အတိုင်း မြေနှင့်အိမ်အားအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု" စွဲဆိုခဲ့ရာ မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၃/၂၀၂၅ ၏ ၂၁-၂-၂၀၂၅ နေ့စွဲဖြင့် အထက်ဖော်ပြပါ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ပြုလုပ်ချုပ်ဆိုပေးရန် ချမှတ်သည့် တစ်ဖက်သတ်အနိုင်ဒီကရီနှင့် မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ်- ၁၇/၂၀၂၅ ၏ ၁၁-၃-၂၀၂၅ ရက်နေ့ ထုံးပုံကျအပြီးသတ်အမိန့်ဖြင့် တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် ဆောင်ရွက်ရန် ဘီလစ်စာရေးကြီး ဒေါ်နုနုလှိုင်အား ဘီလစ်ခန့်အပ်သည့်အမိန့်၊ တရားရုံးမှအကြောင်းကြားစာ၊ နှစ် (၆၀) မြေငှားဂရန်၊ တရားရုံးအထောက်အထားများ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဘီလစ်ဒေါ်နုနုလှိုင် (၁၂/ ဥကမ (နိုင်) ၀၀၄၉၃၄)၊ က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ် (ခ)၊ မြေကွက်အမှတ်- ၃၀/ က၊ ဧရိယာ (၁၂၀၀) စ/ပေ၊ မြေကွက်တည်နေရာအမှတ်-၃၀/က၊ (ခ/၂) လမ်း၊ (ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ၁။ ဦးမင်းမင်းစိုးနိုင် ( ၁၂/အစန (နိုင်) ၁၆၀၁၂၆)၊ ၂။ ဒေါ်အေးပိုပိုနိုင် (၁၂/ အစန (နိုင်) ၁၈၁၇၂၀) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမင်းမင်းစိုးနိုင်သည် (၁၇-၇-၂၀၂၀) ရက်နေ့တွင် လည်းကောင်း၊ ဒေါ်ချိုချိုသွင်သည် (၄-၈-၂၀၂၁) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးပိုပိုနိုင် (၁၂/ အစန (နိုင်) ၁၈၁၇၂၀) မှ အင်းစိန်ခရိုင်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၇ ဖြင့် အရွယ်မရောက်သေးသည့် မသွန်းသက်မှူးအိမ်၏ ကိုယ်နှင့်ပစ္စည်းအပေါ် အုပ်ထိန်းခွင့်ရလိုကြောင်း လျှောက်ထားရာခွင့်ပြုကြောင်း ချမှတ်သည့် (၂၂-၈-၂၀၂၃) ရက်စွဲပါအမိန့်၊ အင်းစိန်ခရိုင်တရားရုံးတော်၊ ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁၇ အရ အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့ အက်ဥပဒေအရ အုပ်ထိန်းသူခန့်ထားသည့် (၁၈-၁၀-၂၀၂၃) ရက်စွဲပါ သက်သေခံလက်မှတ်၊ ဦးမင်းမင်းစိုးနိုင်သည် ဒေါ်ချိုချိုသွင်နှင့် အိမ်ထောင်ကျပြီး မသွန်းသက်မှူးအိမ်အား မွေးဖွားကြောင်း၊ ဦးမင်းမင်းစိုးနိုင်သည် (၇-၇-၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ချိုချိုသွင်သည် (၄-၈ ၂၀၂၁) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ပြီး မသွန်းသက်မှူးအိမ်(အရွယ်မရောက်သေးသူ) တစ်ဦးတည်းသာ မွေးဖွားထွန်းကားပြီး အခြားကိတ္တိမသားသမီး မွေးစားခြင်းမရှိကြောင်း၊ ၎င်းသည် မသွန်းသက်မှူးအိမ် (အရွယ်မရောက်သေးသူ) ၏ ကိုယ်နှင့်ပစ္စည်းအပေါ် အုပ်ထိန်းခွင့်ရလိုကြောင်း အင်းစိန်ခရိုင်တရားရုံး ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၇ ဖြင့် လျှောက်ထားရာ (၂၂-၈-၂၀) ရက်နေ့တွင် အုပ်ထိန်းခွင့်လက်မှတ်ထုတ်ပေးခဲ့သည်မှာ မှန်ကန်ကြောင်း၊ သို့ဖြစ်ပါ၍ ဦးမင်းမင်းစိုးနိုင်၏အစုအား မသွန်းသက်မှူးအိမ် (အရွယ်မရောက်သေးသူ) မှ တရားဝင်ပိုင်ဆိုင်ကြောင်း၊ အခြားဆက်ခံသူမရှိကြောင်း မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးပိုပိုနိုင်၏ ကျမ်းကျိန်လွှာ၊ထပ်ဆင့်ကျမ်းကျိန်လွှာ GP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့်မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ တရားရုံးအမိန့်များ၊ မသွန်းသက်မှူးအိမ်၏ အရှင်မွေးလက်မှတ်၊ ဦးမင်းမင်းစိုးနိုင်၏ သေစာရင်း၊ ဒေါ်ချိုချိုသွင်၏ သေစာရင်း၊ နှစ် (၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဒေါ်အေးပိုပိုနိုင် (၁၂/ အစန (နိုင်) ၁၈၁၇၂၀) ထံမှ GP ၂၅၇၀၈/၂၀၂၃ (၂၈-၁၁-၂၀၂၃) ဖြင့်ရသူ ဒေါ်သီရိပြည့်စုံ (၁၄/ ကကန (နိုင်) ၁၆၁၈၁၄)မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၁၂၉၅၊ မြေကွက်တည်နေရာအမှတ် ၁၂၉၅၊ မင်္ဂလာသုခ (၂) လမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက် (ဦးမော် E-MDY -၂၆၉၂၈) (၁၂/ အစန (နိုင်) ၁၀၂၇၁၁) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမော် (ဖခင်) ကွယ်လွန်နှင့် ဒေါ်တင်တင်ကြည် (မိခင်) တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့မှမွေးဖွားသည့် သားသမီးများဖြစ်ကြသည့် ၁။ ဒေါ်ကြည်ကြည်မော် (၉/ မရမ (နိုင်) ၀၃၁၇၁၁)၊ ၂။ ဦးထွန်းထွန်းမော် (၁၂/ အစန (နိုင်) ၁၂၆၃၄၃)၊ ၃။ ဦးကျော်စိုးမော် (၁၂/ အစန (နိုင်) ၁၀၂၈၇၄)၊ ၄။ ဦးလွင်မော်တို့လေးဦးအနက် သားတစ်ဦးဖြစ်သူ ဦးလွင်မော်မှ လူပျိုကြီးဘ၀ဖြင့် ကွယ်လွန်သဖြင့် ကျန်မောင်နှမသုံးဦးတို့မှ ကွယ်လွန်သူများ၏ သားသမီးများတော်စပ်ကြောင်း၊ ကွယ်လွန်သူ ဦးလွင်မော်အပါအဝင် မိမိတို့မောင်နှမလေးဦးသာမွေးဖွားခဲ့ပြီး၊ အမွေစားအမွေခံကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိကြောင်း၊ မိမိတို့မှာ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျန်ရစ်သူမိမိတို့မောင်နှမသုံးဦးသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ ၂ စောင်၊ မိဘများသေစာရင်း၊ မောင်ဖြစ်သူသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်နိုင်ကတ်တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းစစ်ဆေးရာ RC တစ်ထပ်တစ်လုံးရှိပြီး လျှောက်ထားသူများနေထိုင်ခြင်းမရှိဘဲ အိမ်သော့ဖွင့်ပြကာ ကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးကျော်စိုးမော်+ ၂ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




# တရုတ်သမ္မတ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံများသို့ သွားရောက်မည်

ပေကျင်း ဧပြီ ၁၂

**တရုတ်သမ္မတ ရှီကျင့်ဖျင်(ပုံ)သည် ယခုနှစ်အတွင်း ၎င်း၏ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် လာမည့်ရက်များတွင် အရှေ့တောင်အာရှသုံးနိုင်ငံကို သွားရောက်မည်ဖြစ်ကြောင်း သိရသည်။**

ယင်းသည် အမေရိကန်နှင့် ကုန်သွယ်ရေးတင်းမာမှုများ ပြင်းထန်လာချိန်တွင် တရုတ်နိုင်ငံ၏ အနီးကပ်ဆုံး အိမ်နီးချင်းအချို့နှင့် ဆက်ဆံရေးခိုင်မာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

သမ္မတရှီသည် ဧပြီ ၁၄ ရက်မှ ၁၅ ရက်အထိ ဗီယက်နမ်နိုင်ငံ၊ ဧပြီ ၁၅ ရက်မှ ၁၈ ရက်အထိ မလေးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်၏ သွင်းကုန်ခွန် ၁၄၅ ရာခိုင်နှုန်းအထိ စည်းကြပ်ခံထားရသော တရုတ်သည် အခြားနိုင်ငံများနှင့် ဆက်ဆံရေးအားကောင်းစေရန် ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံအားလုံးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုလုပ်ဆောင်မည်ဟု ကတိပြုထားသည်။ **(ref:CMG)**

## ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် ချန်ဂီလေဆိပ် သတ်မှတ်ခံရ



စင်ကာပူ ဧပြီ ၁၂

**စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်(ပုံ)ကို ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် လေကြောင်းသယ်ယူပို့ဆောင်ရေး အဆင့်သတ်မှတ်ရေးအဖွဲ့အစည်း Skytrax က သတ်မှတ်လိုက်ကြောင်း သိရသည်။**

ချန်ဂီလေဆိပ်သည် ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် ၁၃ ကြိမ်မြောက် သတ်မှတ်ခံရခြင်းဖြစ်ပြီး ကြီးမားသည့်နေရာထိုင်ခင်းများ၊စည်ကားသည့်ဈေးဝယ်စင်တာများကြောင့် လူသိများကျော်ကြားသည့် လေဆိပ်တစ်ခုဖြစ်သည်။

ပြတိုက်တစ်ခု၊ မိုးလုံလေလုံဥယျာဉ်များနှင့် ပေ ၁၃၀ မြင့်သည့် အကြီးဆုံးရေတံခွန် Rain Vortex ရှိသည့်အပြင် Spa များ၊ ဟိုတယ်များ၊ အနုပညာပြပွဲများ၊ ရုပ်ရှင်ရုံများနှင့် ဒိုင်နိုဆောအပန်းဖြေဥယျာဉ်တစ်ခုလည်းရှိခြင်းကြောင့် ခရီးသွားများအတွက် အပန်းဖြေစရာနေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

Skytrax အဖွဲ့က စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပသည့် World Airport Awards ဆုချီးမြှင့်ပွဲတွင် ချန်ဂီလေဆိပ်ကို World's Best Airport Dining၊ World's Best Airport Washrooms နှင့် Asia Best Airport Awards ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချန်ဂီလေဆိပ်ကို လာမည့်ခြောက်နှစ်အတွင်း ဝန်ဆောင်မှုအသစ်များနှင့် အဆောက်အဦများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြီး အမေရိကန်ဒေါ်လာနှစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားကြောင်း လေဆိပ်တာဝန်ရှိသူတစ်ယောက်က ပြောသည်။ **(ref:CNA)**

## တောင်ကိုရီးယား ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင် ပြိုကျ

ဆိုးလ် ဧပြီ ၁၂

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် အနောက်တောင်ပိုင်း ဂွမ်မြောင်မြို့တွင် ရထားလမ်းဖောက်လုပ်ထားသည့် နေရာတစ်ခု ပြိုကျခြင်း(ပုံ)ကြောင့်အလုပ်သမားတစ်ဦးပျောက်ဆုံးပြီးတစ်ဦးသည် အပျက်အစီးများထဲ ပိတ်မိနေကြောင်း အမျိုးသားမီးသတ်အေဂျင်စီက ဧပြီ ၁၁ ရက်တွင် ပြောသည်။**

ယခုဖြစ်ရပ်သည်မြို့တော်၏အလယ်ဗဟိုယောအီဒိုခရိုင်မှနိုင်ငံ၏ လူဦးရေအများဆုံး ဒေသဖြစ်သည့် ဂျောင်ဂီပြည်နယ်ရှိအန်ဆန်းနှင့် ရှီဟွန်းဆင်ခြေဖုံးမြို့များကို ဆက်သွယ်ပေးသည့် ခရီးသည်ပို့ဆောင်ရေး ရထားလမ်းသစ်တစ်ခု တည်ဆောက်နေသည့်နေရာတွင် ဖြစ်ပွားခြင်းဖြစ်သည်။

ယခုပြိုကျမှုသည် ဥမင်လိုဏ်ခေါင်း အားဖြည့်ခြင်းလုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်းဖြစ်ပွားခြင်းဖြစ်ပြီး လိုက်လံစစ်ဆေးရာတွင် မြေအောက်တိုင်လုံးတစ်ခု၌ အက်ကြောင်းများ တွေ့ရှိကြောင်း အာဏာပိုင်များက ပြောသည်။

ဖေဖော်ဝါရီက ဆိုးလ်မြို့တောင်ဘက် အန်ဆောင်းတွင် အဝေးပြေးလမ်းဖောက်လုပ်ထားသည့် လမ်းမကြီးတစ်ခုပြိုကျခဲ့ပြီး မတ်လကလည်း ဆိုးလ်မြို့တွင်ပင် မီတာ ၂၀ ခန့်ရှိသည့် တွင်းနက်ကြီးတစ်ခုပေါ်လာခြင်းကြောင့် ဆိုင်ကယ်စီးသူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။



**(ref : Reuters)**



## အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် အိန္ဒိယနှင့် နီပေါတွင် သေဆုံးသူ ၁၀၀ နီးပါးရှိလာ

နယူးဒေလီ ဧပြီ ၁၂

**အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင် အချိန်အခါမဟုတ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၀၀ နီးပါးရှိလာပြီး ဒေသတွင်း မိုးရွာသွန်းမှုပမာဏ ပိုများလာနိုင်ကြောင်း မိုးလေဝသဌာနက ဧပြီ ၁၁ ရက်တွင် ထုတ်ပြန်သည်။**

နိုင်ငံ၏ အနောက်ပိုင်းဒေသများတွင် အပူလှိုင်းအခြေအနေများ၊ အရှေ့ပိုင်းနှင့်အလယ်ပိုင်းဒေသများတွင်မိုးကြိုးမုန်တိုင်းများကျရောက်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတိပေးထားသည်။

ယမန်နေ့က နိုင်ငံ၏အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မိုးကြိုးပစ်မှုကြောင့် သေဆုံးသူ ၆၄ ဦးအထိ မြင့်တက်လာပြီး တစ်ချိန်တည်းမှာပင် အိမ်နီးချင်းနီပေါနိုင်ငံတွင်မိုးကြိုးပစ်မှုများနှင့်မိုးသည်းထန်စွာရွာသွန်းမှုများကြောင့်လူ ၁၀ ဦးကျော်သေဆုံးသွားကြောင်းနိုင်ငံတော်သဘာဝဘေးအာဏာပိုင်အဖွဲ့အရာရှိများက ပြောသည်။

အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ဧပြီ ၁၃ ရက်အထိ မိုးသက်မုန်တိုင်းကျခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဆက်လက်ဖြစ်ပွားမည်ဟု အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားသည်။ **(ref:AFP)**

**ရဲခေါင် စုစည်းတင်ပြသည်။**

## အမေရိကန်တွင် နေထိုင်ခွင့်ရုပ်သိမ်းခံရပြီး နေရပ်မပြန်သူများကို လူမှုဖူလုံရေးနံပါတ်များ ဖျက်သိမ်းမည်

ဝါရှင်တန် ဧပြီ ၁၂

**အမေရိကန်တွင် တရားဝင်နေထိုင်ခွင့်မရှိသည့် ရွှေ့ပြောင်းနေထိုင်သူအချို့ကို နေထိုင်ခွင့်များ ရုပ်သိမ်းပြီး ကွယ်လွန်ဆုံးပါးသူ အချက်အလက်စာရင်းထဲသို့ထည့်သွင်း၍ လူမှုဖူလုံရေးနံပါတ်များကိုပါ ဖျက်သိမ်းမည်ဖြစ်ကြောင်း ထရမ့်အစိုးရအဖွဲ့က ဧပြီ ၁၁ ရက်တွင် ထုတ်ပြန်သည်။**

ဘိုင်ဒင်အစိုးရ လက်ထက်က အမေရိကန်သို့ တရားဝင် ဝင်ရောက်ခွင့်ရခဲ့သည့် ရွှေ့ပြောင်းနေထိုင်သူများသည် ယာယီနေထိုင်ခွင့် ရုပ်သိမ်းခံရပြီးနောက် လူမှုဖူလုံရေးကွပ်ကဲရေးဌာနက ကွယ်လွန်ဆုံးပါးသူစာရင်းထဲ ထည့်သွင်းကာ လူမှုဖူလုံရေးနံပါတ်များကိုလည်း ဖျက်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

လူမှုဖူလုံရေးနံပါတ်များသည် အမေရိကန်တွင် အခွန်အသိအမှတ်ပြုနံပါတ်များအဖြစ်အသုံးပြုပြီး အစိုးရက သတ်မှတ်သည့် ခံစားခွင့်များရရှိသည့်အပြင် ဘဏ်အကောင့်ဖွင့်ခြင်း၊ ခရက်ဒစ်ကတ်လုပ်ခြင်း စသည့် ပုဂ္ဂလိကငွေကြေးလုပ်ဆောင်မှုများတွင်လည်း အသုံးပြုကြောင်း သိရသည်။

ထို့ကြောင့် လူမှုဖူလုံရေးနံပါတ်များကို ဖျက်သိမ်းခြင်းသည် ငွေကြေးဝန်ဆောင်မှုများဖြတ်တောက်ပြီး နေရပ်ပြန်သွားရန် ဖိအားပေးလိုခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွင်း ရွှေ့ပြောင်းအရေအတွက် လျှော့ချရန် ဦးတည်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ **(ref: Reuters)**



## မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးက အလှူငွေကျပ်သိန်း ၅၀၀ နှင့် စားသောက်ကုန်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဧပြီ ၁၂**




မန္တလေးငလျင်ဘေးဒဏ်သင့်ဒေသများအတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ ဦးဆောင်လှူဒါန်းလျက်ရှိရာ ဂီတလောကသားများက မတ် ၂၉ ရက်နေ့မှစတင်ကာ နေ့စဉ် အလှူငွေများလာရောက်လှူဒါန်းလျက်ရှိသည်။ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် နေပြည်တော် ကောင်စီနယ်မြေရှိ ငလျင်ဒဏ်ခံစားရသောပြည်သူများအား မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ဆေးဝါး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းခြင်းဖြစ်သည်။ ဧပြီ ၉ ရက်တွင် ဂီတအစည်းအရုံး(ဗဟို)က ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးသို့ အလှူငွေကျပ်သိန်း ၅၀၀ နှင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း တန်ဖိုးငွေကျပ် သိန်း ၃၀၀ ဖိုးလှူဒါန်းကြောင်း သိရသည်။ **KKYS**

## ရေစတွေဘာတွေစို မြန်မာရုပ်သံဇာတ်လမ်းတွဲ ပြသ

**ရန်ကုန် ဧပြီ ၁၂**

ထုတ်လုပ်သူ စန္ဒာဘုဏ်း၊ စီစဉ်သူမယ်ခိုင်၊ ဇာတ်လမ်း မောင်ငယ်ရင်သွေး၊ ဇာတ်ညွှန်း ညီအောင်ညီ၊ ဒါရိုက်တာ နေမင်းတင်ရိုက်ကူးသော "ရေစတွေဘာတွေစို" မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၁၁ ရက်မှစတင်၍ Fortune TV Channel တွင် ပြသလျက်ရှိသည်။




အဆိုပါဇာတ်ကားတွင် ရဲရင့်သူ(YT)၊ လွင်မင်းသန့်၊ ဟိန်းသန့်ဇေ၊ ကျော်ထွန်းနေ၊ မေလသံစဉ်၊ ပြည့်ကောင်းစုသန့်၊ ဇော်ဝင်းနိုင်(မန်း)၊ သန်းသန်းစိုး၊ ဂွမ်းပုံကြီးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။ အပတ်စဉ် တနင်္လာမှသောကြာ ည ၈ နာရီတွင် ပြသလျက်ရှိသည်။ **KKYS**

## နှစ်ဦးကြိုမည့်သင်္ကြန် မြန်မာရုပ်သံဇာတ်လမ်းတွဲ ပြသလျက်ရှိ

**ရန်ကုန် ဧပြီ ၁၂**

ဇာတ်ညွှန်း ဒီမိုးလွမ်း၊ ဇာတ်လမ်းနှင့် ဒါရိုက်တာ ရာဇဝင်ကို ရိုက်ကူးသော "နှစ်ဦးကြိုမည့်သင်္ကြန်" မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၁၀ ရက်မှစတင်၍ Channel 9 Myanmar ရုပ်သံလိုင်းတွင် ပြသလျက်ရှိသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် တေဇလင်းရောင်၊ ဟင်နရီစံ၊ သတ္တိထက်လှမ်း၊ နန်းခင်ဇေယျာ၊ သံသာညီ၊ နန်းအိန္ဒြေ၊ မေရီမျိုးနှင့်အနုပညာရှင်များစွာ ပါဝင်ထားသည်။ အပတ်စဉ် ကြာသပတေး၊ သောကြာနှင့် စနေနေ့ ည ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။ **KKYS**



## ရမ်စ်ဒေးလ်အား တန်းဆင်းကျိန်စာသင့်နေသူဟု ပရိသတ်များ လှောင်ပြောင်



**ဧပြီ ၁၂**

ဆောက်သမ်တန်အသင်း၏ ဂိုးသမား ရမ်စ်ဒေးလ်ကို ပရိသတ်အချို့က တန်းဆင်းကျိန်စာသင့်နေသူဟု လှောင်ပြောင်ခဲ့ကြကြောင်း သိရသည်။

အင်္ဂလန်ဂိုးသမား ရမ်စ်ဒေးလ်သည် ပြီးခဲ့သည့် နွေရာသီတွင် အာဆင်နယ်မှ ဆောက်သမ်တန်သို့ ပြောင်းရွှေ့ခဲ့ပြီး ယခုအခါ ဆောက်သမ် တန်အသင်းတန်းဆင်းခဲ့ရသည့်အတွက် ၎င်းကို လှောင်ပြောင်ကြခြင်းဖြစ်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ရမ်စ်ဒေးလ်သည် ကစားသမားဘဝတွင် ပရီးမီးယားလိဂ်မှ သုံးကြိမ်တန်းဆင်းခဲ့ရပြီး ၂၀၁၉ - ၂၀၂၀ ရာသီတွင် ဘုန်းမောက်အသင်းနှင့် တစ်ကြိမ်၊ ၂၀၂၀-၂၀၂၁ ရာသီတွင် ရှက်ဖီးယူနိုက်တက်နှင့် တစ်ကြိမ်၊ ယခု ဆောက်သမ်တန်နှင့် တစ်ကြိမ်တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

ရမ်စ်ဒေးလ်သည် မူလက ဆောက်သမ်တန်အသင်း တန်းဆင်းခဲ့ပါက အသင်းမှ ထွက်ခွာရန် စီစဉ်ထားသော်လည်း ယခုအခါ အသင်းနှင့် ဆက်လက်လက်တွဲသွားရန် စဉ်းစားနေကြောင်း သိရသည်။ **သူရိန်**

အားကစားမြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## လီဂူး-၁ ချန်ပီယံဖြစ်ပြီးနောက် ရှုံးပွဲမရှိစံချိန်ကို ရယူနိုင်ရန် အန်းနရစ် ရည်မှန်း

**ဧပြီ ၁၂**

ပီအက်စ်ဂျီအသင်း နည်းပြ အန်းနရစ်က လီဂူး-၁ ချန်ပီယံဖြစ်ပြီးသော်လည်း ရှုံးပွဲမရှိစံချိန်ကို ရယူနိုင်ရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် လီဂူး-၁ ပွဲစဉ် (၂၈) တွင် အန်ဂါစ်အသင်းကို အနိုင်ရပြီးနောက် ရာသီကုန်ဆုံးရန် ခြောက်ပွဲအလိုမှာပင် ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် လီဂူး-၁ ချန်ပီယံဆုကို စံချိန်တင် (၁၃) ကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ယခုရာသီ လီဂူးပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးရာ အသင်းနည်းပြ အန်းနရစ်က ချန်ပီယံဆုကို ရှုံးပွဲမရှိစံချိန်ဖြင့် ရယူလိုကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ် ရောက်ရှိနေသည့်အပြင် ပြင်သစ်ဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲ တက်ရောက်ထားသောကြောင့် ယခုရာသီတွင် ဖလားသုံးလုံးအောင်ပွဲကို မျှော်လင့်နိုင်ခွင့်ရှိနေကြောင်း သိရသည်။ **သူရိန်**





## ဒီဟေးယားကို ပြန်လည်ခေါ်ယူရန် မန်ယူအသင်း ကြိုးပမ်း

**ဧပြီ ၁၂**

မန်ယူအသင်းသည် ဖီအိုရင်တီးနား ဂိုးသမား ဒီဟေးယားကို လာမည့်နွေရာသီတွင် ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ်ရှိ ဒီဟေးယားသည် မန်ယူအသင်းတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကစားခဲ့သူဖြစ်ပြီး လက်ရှိအချိန်၌ အီတလီ ကလပ် ဖီအိုရင်တီးနားအသင်းသို့ ရောက်ရှိနေသည်။

